IFC International Finance Corporation World Bank Group

THE WORLD BANK GROUP WORKING FOR A WORLD FREE OF POVERTY


**In Hanoi:**
Ms. Chu Van Anh
Phone: (84) 3937 8745
E-mail: canh1@ifc.org

**In Bangkok:**
Mr. Paul Risley
Phone:(66) 807815165
prisley@worldbank.org

**In Yangon:**
Mr. Kyaw Soe Lynn
Phone: (95) 92031159
E-mail: klynn@worldbank.org


# ပြည်သူလူထု တစ်ရပ်လုံး လျှပ်စစ်ဓါတ်အားကို ပိုမို သုံးစွဲခွင့်ရရှိနိုင်ရေးအတွက် မြန်မာနိုင်ငံ၏ စီမံချက်တွင် ကမ္ဘာ့ဘဏ် လုပ်ငန်းစုက ပံ့ပိုးကူညီ

**၂၀၁၃၊ ဖေဖော်ဝါရီ ၅ ရက်၊ ရန်ကုန်၊ မြန်မာ** - ကမ္ဘာ့ဘဏ်လုပ်ငန်းစုနှင့် မြန်မာနိုင်ငံသည် ပြုပြင်ပြောင်းလဲရေးများကို အရှိန်အဟုန်မြင့်မားစွာ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် ဆင်းရဲမှုလျှော့ချရန် ပူးပေါင်းကြိုးပမ်း၍ စွမ်းအင် အဆောက်အအုံကြီးကို တိုးတက်မြင့်မားအောင် အထူး အလေးပေး ဆောင်ရွက်ရန်အတွက် ကမ္ဘာ့ဘဏ်လုပ်ငန်းစု ၏ IFC **အလုပ် အမှုဆောင် ဒုတိယ ဥက္ကဌ နှင့် CEO ဖြစ်သူ ဂျင်ယောင်ချိုင်း၊ ကမ္ဘာ့ဘဏ်၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုဥက္ကဌ အက်ဆယ် ဗန် ထရော့စန်ဘတ်ဂ်၊ IFC ၏ အာရှ ပစိဖိတ် ဒုဥက္ကဌ ကာရင် ဖင်ကယ်စတန်** တို့နှင့်အတူ **MIGA ၏ ဒုဥက္ကဌ ဖြစ်သူ မိုက်ကယ် ဂမ်ဆာ** တို့ ပါဝင်သော အထူး ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ သုံးရက်တာ ခရီးစဉ်အဖြစ် ရောက်ရှိလာကြသည်။ ၎င်းတို့သည် မြန်မာနိုင်ငံ၏ လျှပ်စစ်ဓါတ်အား အပူတပြင်း လိုအပ်ချက်ကို ပံ့ပိုးကူညီရန်၊ ဆက်သွယ်ရေးစနစ်နှင့် ဘဏ်ပိုင်းဆိုင်ရာ ကဏ္ဍများကို တိုးမြှင့်ပေးရန် သဘောတူညီခဲ့သည်။

*"ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းများအား တစ်သမတ်တည်း ပေးဝေနိုင်သော လျှပ်စစ်ဓါတ်အားပေးစနစ်ကို ဖြန့်ဖြူးပေးရေးသည် မြန်မာနိုင်ငံအတွက် ကြီးမားသော အနာဂတ် လူမှုရေးနှင့် စီးပွားရေးအလားအလာတို့ကို အကောင်အထည်ဖော်ရာ၌ အလွန် အရေးကြီးပါသည်။ လျှပ်စစ်ဓါတ်အားကို ပြည်သူအားလုံးထံသို့ တသမတ်တည်း စဉ်ဆက်မပြတ် ဖြန့်ဖြူးပေးရာတွင် လိုအပ်သော မတည်ငွေများ ပိုမိုရရှိနိုင်မည့် လျှပ်စစ်ဓါတ်အား ထုတ်လုပ်ရေး အကြီးစား စီမံကိန်းကို အကောင်အထည်ဖော်ရေးအတွက် IFC သည် အစိုးရနှင့် လက်တွဲလုပ်ဆောင်မည် ဖြစ်ပါသည်။"* ဟု IFC **အလုပ် အမှုဆောင် ဒုတိယ ဥက္ကဌ နှင့် CEO ဖြစ်သူ ဂျင်ယောင်ချိုင်း** က ပြောကြားသည်။

လူလေးဦးလျှင် လူတစ်ဦးသာ လျှပ်စစ်ဓါတ်အား သုံးစွဲခွင့်ရသော မြန်မာနိုင်ငံတွင် လျှပ်စစ်ဓါတ်အား ပေးဝေမှုကို တိုးမြှင့် ဆောင်ရွက်ရေးသည် ပြည်သူပိုင်ကဏ္ဍနှင့် ပုဂ္ဂလိက စီးပွားရေးကဏ္ဍနှစ်ရပ်လုံးမှ အကြီးစား ထောက်ပံ့မှုများကို လိုအပ်လျက်ရှိသည့် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၏ ဦးစားပေး ဆောင်ရွက်ချက်အဖြစ် အရေးပါလာသည်။

*"မြန်မာနိုင်ငံတွင် လျှပ်စစ်မီး အလုံအလောက် ရရှိအောင် ဖန်တီးပေးနိုင်မည်ဆိုပါက ကလေးများ ညအခါ စာကြည့်နိုင်ကြလိမ့်မည်ဖြစ်ပြီး ရွာသားများသည်လည်း ဖွံ့ဖြိုးတိုးတက်ပြီး အလုပ်အကိုင်သစ်များ ဖန်တီးပေးနိုင်မည့် စီးပွားရေးလုပ်ငန်းသစ်များကို စတင်တည်ထောင်လုပ်ကိုင်နိုင်လိမ့်မည်။ လုံလောက်သော၊ အားထားနိုင်သော၊ သင့်လျော်သော လျှပ်စစ်ဓါတ်အား ရရှိပါက ကျေးလက်ဒေသများ၏ ဆင်းရဲမှုကို လျှော့ချနိုင်ပြီး ပြည်သူအားလုံးအတွက် အခွင့်အလမ်း*

*များကို ဖန်တီးပေးနိုင်လိမ့်မည်။ "* ဟု **ကမ္ဘာ့ဘဏ်၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုဥက္ကဋ္ဌ အက်ဆယ် ဗန် ထရော့စန်ဘတ်ဂ်** က ဆိုသည်။

ကမ္ဘာ့ဘဏ် လုပ်ငန်းစုမှ ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော် သမ္မတ ဦးသိန်းစိန်၊ အစိုးရ ဝန်ကြီးများအဖွဲ့၊ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် လွှတ်တော်အဖွဲ့ဝင်များအပြင် ပုဂ္ဂလိက စီးပွားရေး ကဏ္ဍ၊ မြို့ပြ လူမှု အဖွဲ့အစည်း၊ ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့ကြသည်။ ကမ္ဘာ့ဘဏ် လုပ်ငန်းစု အနေဖြင့် မြန်မာနိုင်ငံတစ်ဝှမ်းရှိ ပြည်သူလူထု တစ်ရပ်လုံး၏ ဘဝများကို တိုးတက်မြင့်မားစေပြီး အထူးသဖြင့် ဆင်းရဲ ချို့တဲ့သော လူတန်းစားဘဝများကို မြှင့်တင်ပေးရန် ပြုပြင်ပြောင်းလဲရေးများအား ပံ့ပိုးကူညီပေးမည်ဖြစ်ကြောင်း အဓိက အလေးပေး ဆွေးနွေးခဲ့သည်။

ကမ္ဘာ့ဘဏ် လုပ်ငန်းစု၏ လတ်တလော ဖြစ်ပေါ်လျှက်ရှိသော အရှေ့အာရှနှင့် ပစိဖိတ်ဒေသ စီးပွားရေး တိုးတက်မှု များသည် ဘဏ္ဍာရေးနှစ်၂၀၁၁-၂၀၁၂ တွင် ပြည်တွင်း GDP ၅.၅% ရှိလာခဲ့ပြီ ဖြစ်သည့် မြန်မာ့စီးပွားရေး အရှိန် အဟုန်မြင့်မားလာမှု၏ သက်သေပင် ဖြစ်ပေသည်။ ဘဏ္ဍာရေးနှစ် ၂၀၁၂-၂၀၁၃ တွင် နိုင်ငံ၏ GDP ၆.၃% ထိ တိုးတက် လာမည်ဟု ခန့်မှန်းရပါသည်။ လျှပ်စစ်ဓါတ်အား လိုအပ်ချက်သည်လည်း တစ်စထက်တစ်စ လျှင်မြန်စွာ မြင့်မားလာပါသည်။ (လက်ရှိ ဓါတ်အား ပေးဝေနိုင်မှုသည် အမှန်တကယ် လိုအပ်ချက်အောက် ၃၀% ခန့်ပင် လျော့နည်း နေပါသည်။) ရေအားလျှပ်စစ် စက်ရုံများ၏ ထုတ်လုပ်နိုင်စွမ်း လျော့နည်းခြင်းနှင့် သဘာဝ ဓါတ်ငွေ့ လောင်စာသုံး လျှပ်စစ်ဓါတ်အားကို အကန့်အသတ်ဖြင့်သာ ထုတ်လုပ်နိုင်ခြင်းတို့ကြောင့် မီးပျက်ခြင်းများလည်း များစွာ ဖြစ်ပေါ်နိုင်သည်။ မြန်မာနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရန် အရေးကြီးသော အချက်ဖြစ်သည့် လျှပ်စစ်ဓါတ်အားကို တသမတ်တည်း အလုံအလောက် သုံးစွဲနိုင်ခွင့် ရရှိရေးအတွက် လျှပ်စစ် ဓါတ်အားပေးဝေရေး ကဏ္ဍတွင် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရန် လိုအပ်ပါသည်။

လာအို ပြည်သူ့ ဒီမိုကရက်တစ် ရီဘတ်ဘလစ် နှင့် ဗီယက်နမ်နိုင်ငံတို့အား လျှပ်စစ်ဓါတ်အား တိုးမြှင့် ထုတ်လုပ် ပေးရာတွင် ကူညီပံ့ပိုးပေးခဲ့သော ကမ္ဘာ့ဘဏ် လုပ်ငန်းစု၏ အတွေ့အကြုံများသည် မြန်မာနိုင်ငံအတွက် အရေးကြီး သော သင်ခန်းစာများကို ရရှိစေပါသည်။ လာအိုနိုင်ငံတွင် လျှပ်စစ် ဓါတ်အားပေးစနစ်ကို ကျေးလက် ဒေသများထိ ပေးဝေရန် အထူး အလေးထားပြီး ပြည်သူလူထု၏ ၈၀% သည် လျှပ်စစ်မီး ရရှိကြသည်။ ဗီယက်နမ်နိုင်ငံတွင်လည်း တိုင်းပြည်၏ ၉၇% သည် လျှပ်စစ်မီး သုံးစွဲခွင့် ရကြသည်။

*"အခြေခံ အဆောက်အအုံကြီးအတွက် အခွင့်အလမ်းများနှင့် ဘဏ္ဍာရေးပိုင်းသည် တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အဓိက ကျပေရာ ကျွန်ုပ်တို့သည် အလျှဉ်းသင့်သလို တွေ့ဆုံသွားမည် ဖြစ်သည်။ မိုဘိုင်းဖုန်း ဆက်သွယ်ရေး စနစ်များ၊ ဆက်သွယ်ရေး ကွန်ယက်များနှင့် တယ်လီဖုန်းလိုင်းများသည် ပြည်သူလူထုအား စျေးကွက်များနှင့် ပေါင်းကူး ဆက်သွယ်ပေးပြီး ကုန်စည်များနှင့် ဝန်ဆောင်မှုများကို ရရှိစေသည်။ IFC သည် ACLEDA ဘဏ်နှင့်အတူ ပူးပေါင်း လုပ်ဆောင်လျက်ရှိပြီး မြန်မာပြည်သူများအတွက် အသေးစားဘဏ္ဍာရေး ထောက်ပံ့မှုများကိုလည်း ကူညီပေးမည် ဖြစ်သည်"* ဟု **IFC ၏ အာရှ ပစိဖိတ် ဒုဥက္ကဋ္ဌ ကာရင် ဖင်ကယ်စတန်** ကပြောကြားသည်။

*"ကျွန်ုပ်တို့သည် ရင်းနှီးမြှုပ်နှံသူများ၏ စွန့်စားမှုအတွက် အာမခံပေးရန် မြန်မာအစိုးရနှင့် လက်တွဲလုပ်ဆောင်နိုင်ပါ သည်။ သို့မှသာ စီမံကိန်းကို အရှိန်အဟုန်မြင့်မားစွာ အကောင်အထည်ဖော်နေစဉ် ၎င်းတို့ အနေဖြင့် လုပ်ငန်းအတွက်*

*ငွေကြေး မတည်မှုကို အသင့်လျော်ဆုံးနှုန်းများဖြင့် ရရှိမည် ဖြစ်သည်။"* ဟု ဘက်ပေါင်းစုံ ရင်းနှီးမြှုပ်နှံမှု အာမခံ အေဂျင်စီ (MIGA) ၏ **ဒုဉက္ကဋ္ဌ ဖြစ်သူ မိုက်ကယ် ဂမ်ဆာက** ပြောသည်။

မြန်မာနိုင်ငံ၏ အနာဂတ် အလားအလာများကို အပြည့်အဝ အကောင်အထည်ဖော်ရန်အတွက် လုပ်ဆောင်ချက်များစွာ ဆောင်ရွက်ရန် ကျန်ရှိနေပါသေးသည်။ အစိုးရအနေဖြင့်လည်း ပြည်သူလူထုကို ရှေ့တန်းတင်သည့် ရဲဝံ့သော ပြုပြင်ပြောင်းလဲမှုများကို ရှေ့ဆက်လုပ်ဆောင်ရန် လိုအပ်ပါသည်။ ကမ္ဘာ့ဘဏ်လုပ်ငန်းစုမှ အဖွဲ့ဝင်များသည် ဤသို့ ပြုပြင်ပြောင်းလဲမှုများကို ကူညီပံ့ပိုးပေးရန်အတွက် နိုင်ငံတစ်ပှမ်းလုံးဆိုင်ရာ စီမံချက်ကို စတင်ရန် ပြင်ဆင်သည့်အနေဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိလာခြင်း ဖြစ်ပါသည်။

ကမ္ဘာ့ဘဏ်အနေဖြင့် မြန်မာနိုင်ငံအတွက် ဦးစားပေးလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန်အလို့ငှာ အတိုးနှုန်း လုံးဝ မပါသော မတည်ငွေ ဒေါ်လာ ၁၆၅ သန်း ကို ပံ့ပိုးမည် ဖြစ်သည်။ ၎င်းအပြင် ကျောင်းများ၊ ကျန်းမာရေး ဆေးပေးခန်းများနှင့် လမ်းများ အပါအဝင် ကျေးလက် အဆောက်အအုံကြီး၏ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်နိုင်ရန် အမေရိကန်ဒေါ်လာ သန်း ၈ဝ ကို ချပေးခဲ့သည်။ ငြိမ်းချမ်းရေးသည် ဖွံ့ဖြိုးရေး လုပ်ငန်းများ အောင်မြင်စေရေးအတွက် အဓိက အခန်းကဏ္ဍမှ ပါဝင်နေသည် ဖြစ်ရာ ကမ္ဘာဘဏ်သည် အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကိုလည်း ပံ့ပိုးကူညီလျက်ရှိပါသည်။ ဘဏ်လုပ်ငန်းစုအနေဖြင့် နိုင်ငံ၏ ရသုံးမှန်းခြေ ငွေစာရင်းနှင့် ပြည်သူ့ ဘဏ္ဍာရေး အတွက် စီမံမှုများကို ပြုလုပ်ရန် အစိုးရနှင့် ပူးပေါင်း လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ စိုက်ပျိုးရေး ကဏ္ဍအပါအဝင် အခြားသော ဘဏ္ဍာငွေ ထောက်ပံ့ရမည့် ဦးစားပေး နယ်ပယ်များအတွက် မြန်မာ အစိုးရ နှင့် ဆက်လက် ဆွေးနွေးနေဆဲ ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းစု၏ အစိတ်အပိုင်းတစ်ခုဖြစ်သော IFC သည် ပေါ်ပေါက်လာသော စျေးကွက်များမှ ပုဂ္ဂလိက စီးပွားရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားခဲ့သည်။ ၎င်းသည် ၂ဝ၂ဝ တွင် မြန်မာနိုင်ငံ၌ နိုင်ငံသားဦးရေ နှစ်သိန်းကျော်ကို ချေးငွေ ချပေးနိုင်ရန်အတွက် (အထူးသဖြင့် အသေးစား လုပ်ငန်းများနှင့် အမျိုးသမီးများ လုပ်ကိုင်ကြသော လုပ်ငန်းငယ်များ) အသေးစား ဘဏ္ဍာငွေ ထောက်ပံ့ရေး အဖွဲ့အစည်းကို တည်ထောင်ရန် ACLEDA ဘဏ် လုပ်ငန်းတွင်လည်း ဒေါ်လာငွေ ၂ သန်းကို မတည်ထားခဲ့သည်။ မြန်မာနိုင်ငံအတွက် အသေးစား ဘဏ္ဍာငွေ လိုအပ်ချက်သည် ပံ့ပိုးမှုထက် လေးဆပင် ပိုနေသောကြောင့် IFC သည် အသေးစား ဘဏ္ဍာငွေ ပံ့ပိုးမှုအား ဆန်းစစ် သုံးသပ်မှုများ ပြုလုပ်ရာတွင် ပံ့ပိုးပေးမည်ဖြစ်ပြီး ဤကဏ္ဍအတွက် အမြန်ဆုံး အကောင်အထည်ဖော်ရန် လိုအပ်ချက်ကို ထောက်ပြသွားမည်ဖြစ်သည်။ IFC သည် တိုင်းပြည်၏ စီးပွားရေး အခြေအနေ ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်သည့် စီးပွားရေး ကဏ္ဍကို တည်ဆောက်ရန်အတွက် မြန်မာအစိုးရနှင့်သော်လည်းကောင်း၊ ကုန်သည်ကြီးများ အသင်းများနှင့်သော်လည်းကောင်း လက်တွဲ၍ ဆောင်ရွက်သွားပါမည်။

မြန်မာနိုင်ငံအား ရင်းနှီးမြှုပ်နှံသူများ၏ စွန့်စားမှုအတွက် အာမခံပေးသည့် ဘက်ပေါင်းစုံ ရင်းနှီးမြှုပ်နှံမှု အာမခံ အေဂျင်စီ (MIGA) ၏ အဖွဲ့ဝင်နိုင်ငံ တစ်ခု ဖြစ်လာစေရန် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။

## ကမ္ဘာ့ဘဏ် လုပ်ငန်းစုနှင့် စပ်လျဉ်း၍

ကမ္ဘာ့ဘဏ် လုပ်ငန်းစုသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ထောက်ပံ့ငွေနှင့် အသိပညာများ ပေးဝေသည့် ကမ္ဘာ့အကြီးဆုံး လုပ်ငန်းစုများအနက်မှ တစ်ခုဖြစ်ပါသည်။ ၎င်းသည် နီးကပ်စွာ ချိတ်ဆက် လုပ်ဆောင်နေကြသော အဖွဲ့အစည်း ငါးခု

ဖြင့် ဖွဲ့စည်းထားပါသည်။ ၄င်းတို့မှာ နှစ်ဖွဲ့ပေါင်းစည်းကာ ကမ္ဘာ့ဘဏ်ဟု ခေါ်ဆိုနိုင်သည့် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အပြည်ပြည်ဆိုင်ရာဘဏ် (IBRD) နှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်း (IDA) အပြင် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေး ကော်ပိုရေးရှင်း (IFC)၊ ဘက်ပေါင်းစုံ ရင်းနှီးမြှုပ်နှံမှု အာမခံ အေဂျင်စီ (MIGA) နှင့် ရင်းနှီးမြှုပ်နှံမှုများကြောင့် ဖြစ်ပေါ်လာသော အချင်းများစရာများအား ဖြေရှင်းပေးသည့် အပြည်ပြည်ဆိုင်ရာဌါန (ICSID) တို့ ဖြစ်ကြသည်။ အဖွဲ့အစည်းတစ်ခုစီသည် ဆင်းရဲမှုကို တိုက်ဖျက်ရန်နှင့် ဖွံ့ဖြိုးဆဲ ဒေသများတွင် နေထိုင်ကြသော လူသားများ၏ ဘဝနေထိုင်မှု အဆင့်အတန်းကို မြှင့်တင်ပေးရန် ဟူသော ဦးတည်ချက်များအတွက် မတူညီသည့် တာဝန် အသီးသီးကို ထမ်းဆောင်ရသည်။ ပိုမိုပြည့်စုံစွာ သိရှိလိုပါက www.ifc.org, www.worldbank.org, နှင့် www.miga.org သို့ လာရောက် လေ့လာကြည့်နိုင်ပါသည်။